# Second Sunday in Ordinary Time - C

## 1st READING: *Is 62: 1-5*

ဟေရှာယအနာဂတ္တိကျမ်း ၆၂း ၁–၅

ဇိအုန်မြို့တည်းဟူသောယေရုရှလင်မြို့၏ဖြောင့်မတ်ခြင်းသည်ရောင်ခြည်ကဲ့သို့၄င်း၊ သူ၏ကယ်တင်ခြင်းသည်ထွန်းတောက်သောဆီမီးခွက်ကဲ့သို့၄င်း၊ မထင်ရှားမီတိုင်အောင်ထိုမြို့အတွက်ငါသည်တိတ်ဆိတ်ငြိမ်သက်စွာမနေရ။ တပါးအမျိုးသားတို့သည်သင်၏ဖြောင့်မတ်ခြင်းကို၄င်း၊ ရှင်ဘုရင်အပေါင်းတို့သည်သင်၏ဘုန်းအသရေကို၄င်းမြင်ကြရလိမ့်မည်။ ထာဝရဘုရား၏နှုတ်တော်ထွက်နာမသစ်ဖြင့်သင့်ကိုခေါ်ကြလိမ့်မည်။ သင့်သည်ထာဝရဘုရား၏လက်တော်၌တင့်တယ်သောဦးရစ်၊ သင်၏ဘုရားသခင်ကိုင်တော်မူသောမင်းမြောက်သရဖူဖြစ်လိမ့်မည်။ သင့်ကို၊ စွန့်ပစ်သောသူဟူ၍၄င်း၊ သင်၏မြေကို၊ လူဆိတ်ညံသောမြေဟူ၍၄င်း၊ နောက်တဖန်မခေါ်ရ။ သင်သည်ငါနှစ်သက်သောသူ၊သင်၏မြေသည်လက်ထပ်သောမြေဟူသောအမည်ကိုရလိမ့်မည်။ အကြောင်းမူကား၊ ထာဝရဘုရားသည်သင့်ကိုနှစ်သက်တော်မူ၏။ သင်၏မြေကိုလည်းလက်ထပ်ရလိမ့်မည်။ လူပျိုသည်အပျိုကညာနှင့်လက်ထပ်ကဲ့သို့၊ သင်၏သားတို့သည်သင်နှင့်လက်ထပ်ကြလိမ့်မည်။ မင်္ဂလာဆောင်လုလင်သည်မင်္ဂလာဆောင်သတိုးသမီး၌ဝမ်းမြောက်သကဲ့သို့၊ သင်၏ဘုရားသခင်သင်၌ဝမ်းမြောက်တော်မူလိမ့်မည်။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

**Responsorial Psalm  Psalms  96: 1-2, 2-3, 7-8, 9-10**

**ဆာလံကျမ်း ၉၆၊**

**သံပြိုင်။** ။ ကိုယ်တော်၏အံ့ဩဖွယ်ရာအမှုတော်တို့ကိုလူအပေါင်းတို့အလယ်တွင်လည်းကောင်း၊ထုတ်ဖော်ကြေညာကြလော့။

၁။ ။ ထာဝရဘုရားအားသီချင်းသစ်ကိုသီဆိုကြလော့။ကမ္ဘာမြေကြီးသားအပေါင်းတို့ထာဝရဘုရားအားသီဆိုကျေးဇူးကြလော့။ ထာဝရဘုရားအားသီဆိုကျေးဇူး၍ကိုယ်တော်၏နာမတော်ကို ချီးမွမ်းကြလော့။ **(သံပြိုင်)**

၂။ ။ ကိုယ် တော်၏ကယ်တင်တော်မူခြင်းအကြောင်းကိုနေ့စဉ်ရက်ဆက်ကြေညာကြလော့။ ကိုယ်တော်၏ဘုန်းဂုဏ်တော်ကိုလူမျိုးတကာတို့အလယ်တွင်လည်းကောင်း၊ကိုယ်တော်၏အံ့ဩဖွယ်ရာအမှုတော်တို့ကိုလူအပေါင်းတို့အလယ်တွင်လည်းကောင်း၊ ထုတ်ဖော်ကြေညာကြလော့။ **(သံပြိုင်)**

၃။ ။ လူမျိုးနွယ်ဝင်အပေါင်းတို့ထာဝရဘုရားကိုသိမှတ်ဝန်ခံကြလော။ထာဝရဘုရား၏ ဘုန်းဂုဏ်တော်နှင့်ခွန်အားတန်ခိုးတော်ကိုသိမှတ်ဝန်ခံကြလော့။ထာဝရဘုရား၏နာမတော်နှင့်ထိုက်တန်သောဘုန်းဂုဏ်တော်ကိုသိမှတ်ဝန်ခံကြလော့။ **(သံပြိုင်)**

၄။ ။ ထာဝရဘုရားအား သန့်ရှင်းသောဘုန်းအသရေတော်၌စံပယ်တော်မူသောထာဝရဘုရားအားဝတ်ပြုကိုးကွယ်ကြလော့။ မြေကြီးသားအပေါင်းတို့ကိုယ်တော်၏ရှေ့တော်၌ကြောက်ရွံ့တုန်လှုပ်ကြလော့။ ထာဝရဘုရားသည်စိုးစံတော်မူသည်ဟုလူမျိုးတကာတို့အလယ်တွင်ပြောကြလော့။ ကမ္ဘာမြေကြီးကိုခိုင်မြဲစွာတည်ဆောကထားသည်ဖြစ်၍ရွေ့လျား၍မရနိုင်ချေကိုယ်တော်သည်လူအပေါင်းတို့အားတရားမျှတစွာစီရင်တော်မူလိမ့်မည်။ **(သံပြိုင်)**

## 2nd READING: *1 Cor 12:4-11*

ကော်ရင့်သုသြဝါဒပထမစာစောင် ၁၂း၄–၁၁

ညီအစ်ကိုတို့၊ ဆုကျေးဇူးတော်အမျိုးမျိုးရှိ၏။ သို့သော်လည်းထိုကျေးဇူးများကိုဝိညာဉ်တော်တစ်ပါးတည်းကပေးသနားတော်မူ၏။ အစေခံရန်နည်းလမ်းအမျိုးမျိုးရှိသော်လည်းအစေခံရသည့်သခင်တစ်ပါးတည်းသာရှိ၏။ အမှုတော်ဆောင်ရန်တာဝန်အမျိုးမျိုးရှိသော်လည်းလူတိုင်း၌သီးခြားအမှုတော်များအတွက၊ တာဝန်များကိုပေးသနားတော်မူသောသခင်သည်တစ်ပါးတညးသာဖြစ်၏။ အများကောင်းကျိုးအတွက်လူအသီးသီး၌ဝိညာဉ်တော်ဘုရားတည်ရှတော်မူကြောင်းထင်ရှားစွာဖော်ပြလျက်ရှိ၏။ ဝိညာဉ်တော်သည်လူတစ်ယောက်အားဉာဏ်ပညာဖြင့်ပြောဆိုနိုင်သောတာဝန်ကိုပေးတော်မူ၏။ အခြားတစ်ယောက်အားအသိတရားဖြင့်ထုတ်ဖော်ပြောဆိုနိုင်သောအစွမ်းကိုပေးတော်မူ၏။ဝိညာဉ်တော်သည်တစ်ယောက်သောသူအားယုံကြည်ခြင်းဆုကျေးဇူးကိုလည်းကောင်း၊ အခြားတစ်ယောက်အားအနာရောဂါကိုပျောက်ကင်းစေနိုင်သောတန်ခိုးကိုလည်းကောင်း၊ ပေးတော်မူ၏။ ဝိညာဉ်တော်သည်တစ်ယောက်သေသူအားအံ့ဖွယ်ရာများကိုပြနိုင်သောတန်ခိုးကိုလည်းကောင်း၊ တစ်ယောက်အားပရောဖက်ဉာဏ်နိုင်ဟောနိုင်သောအစွမ်းကိုလည်းကောင်း၊တစ်ယောက်သောသူအားဝိညာဉ်တော်မှရရှိသောဆုကျေးဇူးတော်များဟုတ်သည်မဟုတ်သည်ကိုပိုင်းခြား၍သိနိုင်သောအစွမ်းကိုလည်းကောင်းပေးတော်မူ၏။ ကိုယ်တော်သည်တစ်ယောက်သောသူအားဘာသာစကားအမျိုးမျိုးကိုပြောဆိုနိုင်သောအစွမ်းကိုလည်းကောင်း၊ အခြားတစ်ယောက်အားဘာသာစကားအမျိုးမျိုး၏အနက်အဓိပ္ပါယ်ကိုပြန်ဆိုနိုင်သောအစွမ်းကိုလည်းကောင်းပေးတော်မူ၏။ သို့ရာတွင်ဤအစွမ်းတန်ခိုးများကိုပေးတော်မူသောအရှင်ကားဝိညာဉ်တော်တစ်ပါးတည်းဖြစ်တော်မူ၏။ကိုယ်တော်သည်မိမိအလိုရှိတော်မူသည့်အတင်းလူတစ်ဦးစီအားထူးခြားသည့်ဆုကျေးဇူးကိုပေးတော်မူ၏။

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**

## GOSPEL: *John 2:1-11*

ရှင်ယောဟန်ဧဝံဂေလိကျမ်း ၂း၁–၁၁

သုံးရက်မြောက်သောနေ့တွင်ဂါလိလေနယ်ကာနာမြို့၌လက်ထပ်ပွဲကျင်းပစဉ်သခင်ယေရှုး၏မယ်တော်လည်းထိုနေရာ၌ရ၏။ သခင်ယေရှုးနှင့်အတူတပည့်တော်တို့ကိုလည်းထိုလက်ထပ်ပွဲသို့ဖိတ်ကြားထား၏။ ထိုအချိန်၌စပျစ်ရည်ကုန်သွားသောကြောင့်ယေရှုး၏မယ်တော်ကသူတို့တွင်စပျစ်ရည်မရှိဟုကိုယ်တော်အားလျှောက်လေ၏။ ယေရှုးကလည်းသူမအားအချင်းမိန်းမသင်သည်ကျွန်ုပ်နှင့်မည်သို့သက်ဆိုင်သနည်း။ ကျွန်ုပ်၏အချိန်မရောက်သေးဟုမိန့်တော်မူ၏။ မယ်တော်ကလည်းသင်တို့အားသူစေခိုင်းတော်မူသမျှကိုပြုကြလော့ဟုအစေခံတို့အားဆိုလေ၏။ ထိုနေရာ၌ဂျူးလူမျိုးတို့ဘာသာရေးဝိနည်းအရစင်ကြယ်ခြင်းအမှုပြုရာတွင်အသုံးပြုသောဂါလံနှစ်ဆယ်သုံးဆယ်ခန့်ဝင်သည့်ကျောက်ရေအိုးကြီးခြောက်လုံးရှိ၏။ ယေရှုးကအိုးများကုရေအပြည့်ဖြည့်ကြလော့ဟုသူတို့အားမိန့်တော်မူလျှင်သူတို့သည်အိုးနှုတ်ခမ်းထိအောင်ရေအပြည့်ဖြည့်ကြ၏။ သခင်ယေရှုးကလည်းယခုခပ်၍ပွဲအုပ်ထံသို့ယူသွားကြလောဟုသူတို့အားမိန့်တော်မူသဖြင့်သူတို့သည်ယူသွားကြ၏။ ပွဲအုပ်သည်စပျစ်ရည်ဖြစ်ပြီးသောရေကိုမြည်းစမ်းကြည့်သောအခါစပျစ်ရည်မည်ကဲ့သို့ရခဲ့ကြောင်းကိုရေခပ်လာခဲ့သောအစေခံတို့သည်သိကြသော်လည်းပွဲအုပ်မှာမသိသောကြောင့်မင်္ဂလာဆောင်သတို့သားကိုခေါ်၍။လူတိုင်းကောင်းသောစပျစ်ရည်ကိုရှေးဦးစွာတည်ခင်းပြီးဝအောင်သောက်ကြပြီးမှစပျစ်ရည်အညံ့ကိုတည်ခင်းလေ့ရှိကြ၏။ သင်မူကားယခုတိုင်အောင်ကောင်းသောစပျစ်ရည်ကိုသိမ်းထားလေပြီတကားဟုဆို၏။ပထမဦးဆုံးသောဤတန်ခိုးလက္ခဏာကိုသခင်ယေရှုးသည်ဂါလိလေနယ်ကာနာမြို့၌ပြတောမူလျက်မိမိဘုန်းတော်ကိုထင်ရှားစေတော်မူ၏။ တပည့်တော်တို့သည်လည်းကိုယ်တော့်ကိုယုံကြည်ကြ၏။

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်။**